## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၅)
## ၁၃၅၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
## (၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

### အပိုင်း ၁
### အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို **၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ပုဒ်မ ၂၁ မှ ၂၆ အထိတွင် ပါရှိသော ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၉၅-၉၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်စည်းကြပ်ရမည့် ဝင်ငွေ စတင်ရရှိဖြစ်ထွန်းပေါ်ပေါက်သည့် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေနှင့် စပ်လျဉ်း၍မူ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ရရှိသော ဝင်ငွေအတွက် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဥပဒေပါ ကျန်ပုဒ်မများသည် ၁၉၉၅-၉၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

## အပိုင်း ၂
## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း (၁)
### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁)နှင့်(၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း(၃)အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှအကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄)တို့တွင် ဖော်ပြထားသော ငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမို သုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၅-၉၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်

အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံး စရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့် တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ သည် လုပ်ငန်းစီမံချက်များအတွက် ပြည်ပမှငွေချေးယူနိုင်သည်။

၁၁။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေး ယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၂။ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၉၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း(၃)အရ ငွေချေးစာချုပ်ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေစုစုပေါင်းသည် ကျပ် သန်း သုံးသောင်းပမာဏထက် မပိုစေရ။

## အပိုင်း ၃
## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၃။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများ ကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော် ၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိ နှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထား သော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီး အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံ ခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ

ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၅-၉၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၆။ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ (က) တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ

ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) အစိုးရအဖွဲ့သည် တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇)နှင့်(၈)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲ ပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၅-၉၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင် ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေ ကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင် သည်။

၁၉။ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေ များ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅
## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၀။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ အား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

# အပိုင်း ၆

# ဝင်ငွေခွန်

၂၁။ ဤဥပဒေပါ ဝင်ငွေခွန်နှုန်းများနှင့် ပြဋ္ဌာန်းချက်များသည် ၁၉၉၅-၉၆ ခု၊ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂၂။ ဝင်ငွေခွန်ကို ဤဥပဒေ၏ ဇယား (၉) တွင် ဖော်ပြထားသည့် နှုန်းများဖြင့် စည်းကြပ်ရမည်။

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ အခြေခံသက်သာခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့်ပြုငွေ စုစုပေါင်းသည် ငွေကျပ် ခြောက်ထောင်ထက် မပိုစေရ။

၂၄။ (က) ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ ပုဂ္ဂိုလ်စုမဟုတ်သော အခွန်ထမ်းတစ်ဦး၏ ဇနီးအတွက် သက်သာခွင့်ပြုငွေမှာ ကျပ် နှစ်ထောင့်ငါးရာဖြစ်ရမည်၊

(ခ) ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ ပုဂ္ဂိုလ်စုမဟုတ်သော အခွန်ထမ်း၏ သားသမီးများအတွက် သက်သာခွင့်ပြုငွေမှာ အောက်ပါအတိုင်း ဖြစ်ရမည် -

(၁) အသက် ငါးနှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးရာစီ၊

(၂) အသက် ငါးနှစ်ကျော်၍ ဆယ်နှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ခြောက်ရာစီ၊

(၃) အသက်ဆယ်နှစ်ကျော်၍ ဆယ့်ငါးနှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ရှစ်ရာစီ၊

(၄) အသက်တစ်ဆယ်ငါးနှစ်ကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်ထောင်စီ။

၂၅။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) အရ အခြားသက်သာခွင့်များနှင့် စပ်လျဉ်း၍ သက်သာခွင့်ပြုငွေမှာ သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း အခွန်ထမ်းက အမှန်ပေးသွင်းသည့် ငွေအားလုံးဖြစ်ရမည်။

၂၆။ ဤအပိုင်းနှင့် ဤဥပဒေ၏ဇယား (၉) ပါ စကားရပ်များ၏အဓိပ္ပာယ်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

ဇယား (၉)

**ဝင်ငွေနှုန်းများ**

**ပုဂ္ဂလိကကဏ္ဍ**

၁။ (က) လစာခေါင်းစဉ်မှ ဝင်ငွေအတွက် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ် အခွန်တွက်ရန် နှုန်းထား | | စည်းကြပ်ရန် အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၇ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၅၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၆ | ၅၀၀၀၁ | ၇၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၇၀၀၀၁ | ၉၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၉၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၅၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၅၀၀၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်း၊ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေနှင့် အခြားရလမ်းများမှ ဝင်ငွေအတွက်

| အမှတ်စဉ် | ဝင်ငွေအတန်းအစား | | စည်းကြပ်ရန် အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၅ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၁၁ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၄၀၀၀၀ | ၁၄ ရာခိုင်နှုန်း |
| ၆ | ၄၀၀၀၁ | ၅၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၅၀၀၀၁ | ၈၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၈၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၄၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၄၀၀၀၀၁ | ၁၀၀၀၀၀၀ | ၂၅ ရာခိုင်နှုန်း |
| ၁၄ | ၁၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ၃၅ ရာခိုင်နှုန်း |
| ၁၅ | ၂၀၀၀၀၀၁ နှင့်အထက် | | ၄၀ ရာခိုင်နှုန်း |

၂။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေ မြန်မာနိုင်ငံသားများ၏ ပြည်ပစုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်း။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်သူ မြန်မာနိုင်ငံသားများနှင့် ပြည်ပနေ မြန်မာနိုင်ငံသားများသည် နိုင်ငံခြားငွေဖြင့် အောက်ဖော်ပြပါ ဝင်ငွေရရှိလျှင် ထိုဝင်ငွေရရှိချိန်

၌ ရရှိသည့် ငွေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း (တစ်ဆယ်ရာခိုင်နှုန်း) ကို ယင်းနိုင်ငံခြားငွေဖြင့်ပင် ဝင်ငွေခွန်ပေးသွင်းရမည် -

(က) အဆောက်အအုံ၊ မော်တော်ယာဉ်နှင့် အခြားပစ္စည်းများ အငှားချထားခြင်းအတွက် ဝင်ငွေကို နိုင်ငံခြားငွေဖြင့် ရရှိသူများ၊

(ခ) လစာ၊ လုပ်ခ၊ ပင်စင်၊ နှစ်စဉ်ကြေး စသည့်လစာခေါင်းစဉ်မှ ဝင်ငွေများကို နိုင်ငံခြားငွေဖြင့် ရရှိသူများ၊

(ဂ) ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးမှုအတွက် လည်းကောင်း၊ အခြားဆောင်ရွက်ပေးမှုများအတွက် လည်းကောင်း ဝင်ငွေကို နိုင်ငံခြားငွေဖြင့် ရရှိသူများ။

၄။ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ထိုသူရရှိသော စုစုပေါင်းဝင်ငွေအပေါ် ၂၀ ရာခိုင်နှုန်း။

၅။ နိုင်ငံခြားတွင် ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုတစ်ခုသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ထိုပုဂ္ဂိုလ်စုရရှိသော စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း။

၆။ မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တည်ထောင်သည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း။

၇။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏ စုစုပေါင်းဝင်ငွေအပေါ် ၃၅ ရာခိုင်နှုန်း၊ ဝင်ငွေကို နိုင်ငံခြားငွေဖြင့် ရရှိခြင်းဖြစ်ပါက ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့်ပင် ပေးဆောင်ရမည်။ သို့သော် အထက်အပိုဒ် ၁၊ အပိုဒ်ခွဲ (ခ) ပါ နှုန်းများအနက် သက်ဆိုင်သည့် နှုန်းများဖြင့် ဝင်ငွေခွန်တွက်၍ ထိုသို့ တွက်ယူရရှိသော

ဝင်ငွေခွန်သည် ယင်း ၃၅ ရာခိုင်နှုန်းဖြင့် တွက်၍ ရသည်ထက်များလျှင် များရာဝင်ငွေခွန်ကို ပေးဆောင်ရမည်။

## သမဝါယမကဏ္ဍ

၈။ သမဝါယမဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဇဟိုသမဝါယမအသင်းများ၏ ဝင်ငွေအတွက် -

| အမှတ်စဉ် | ဝင်ငွေအတန်းအစား | | စည်းကြပ်ရန် အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၇ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၅၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၆ | ၅၀၀၀၁ | ၇၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၇၀၀၀၁ | ၉၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၉၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၅၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၅၀၀၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

## နိုင်ငံပိုင်ကဏ္ဍ

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းဝင်ငွေအပေါ် ၃ဝ ရာခိုင်နှုန်း။

## ကဏ္ဍသုံးရပ်လုံးနှင့် သက်ဆိုင်သည့် နှုန်းများ

၁ဝ။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ၁ဝ ရာခိုင်နှုန်း။ သို့သော် ပြည်ပနေ နိုင်ငံခြားသားက အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိလျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းမြတ်စွန်းငွေအပေါ် ၄ဝ ရာခိုင်နှုန်းဖြင့် အခွန်ပေးဆောင်ရမည်။

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ကိုင်သည့် လုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်း ဝင်ငွေအပေါ် ၃ဝ ရာခိုင်နှုန်း။

## စည်းကြပ်ထိုက်သော ဝင်ငွေသတ်မှတ်ခြင်း

၁၂။ ဤဇယား၏ ပုဂ္ဂလိကကဏ္ဍ အပိုဒ် ၁၊ အပိုဒ်ခွဲ (က) အတွက် စုစုပေါင်းလစာဝင်ငွေ ကျပ် ၂၅ဝဝဝ (ကျပ် နှစ်သောင်းငါးထောင်တိတိ) ထက်မပိုလျှင် ဝင်ငွေခွန်မပေးဆောင်ရ။

၁၃။ ဤဇယား၏ ပုဂ္ဂလိကကဏ္ဍ အပိုဒ် ၁၊ အပိုဒ်ခွဲ (ခ) နှင့် သမဝါယမကဏ္ဍတို့အတွက် စုစုပေါင်းဝင်ငွေ ကျပ် ၂၅ဝဝဝ (ကျပ် နှစ်သောင်းငါးထောင်တိတိ) ထက်မပိုလျှင် ဝင်ငွေခွန် မပေးဆောင်ရ။

၁၄။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုလျှင် ယင်းသို့ ပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း တန်ဖိုး

စုစုပေါင်းသည် ကျပ် ၅၀၀၀၀၀ (ကျပ် ငါးသောင်းတိတိ) ထက်မပိုလျှင် ဝင်ငွေခွန် မပေးဆောင်ရ။

၁၅။ အထက်အပိုဒ် ၁၂၊ ၁၃၊ ၁၄ တို့တွင် သတ်မှတ်ထားသည့် ငွေထက်ပိုသော်လည်း ပိုငွေပမာဏမကြီးမားသည့် ကိစ္စများတွင် ဝင်ငွေခွန်စည်းကြပ်ရာ၌ မျှတမှုရှိ၍ တာဝန်မကြီးလေးစေရန် လိုအပ်မည့် အထူးတွက်ချက်နည်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) တွင် မည်သို့ပင် ပါရှိစေကာမူ အထက်ပါ အခွန်များအပြင် နောက်ထပ်ဝင်ငွေခွန် ပေးဆောင်ခြင်းမပြုစေရ။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့